# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၈၊ မှတ်ပုံတင်အရာရှိက တရားစွဲဆို ဆောင်ရွက်ခြင်းဆိုင်ရာ အကြောင်းကြားစာ

*ပုဒ်မ ၂၇၇ (ခ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

| |
|---|
| ရုံးသုံးအတွက်သာ |

### ကုမ္ပဏီအမည်

| |
|---|
| |

### မှတ်ပုံတင်အမှတ်

| |
|---|
| |

### ၁။ အထွေထွေဖော်ပြချက်

ပုဒ်မ ၂၇၁ နှင့် ပုဒ်မ ၂၇၂၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တို့တွင် ပြည်ထောင်စုဝန်ကြီးသည် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများဖြင့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးဆောင်ရွက်ရန် ခန့်အပ်နိုင်ပြီး စုံစမ်းစစ်ဆေးမှုအပေါ် အစီရင်ခံတင်ပြရန် ညွှန်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၂၇၆ (က) တွင် စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်အခါ စုံစမ်းစစ်ဆေးသူများသည် ၄င်းတို့၏ လေ့လာ သုံးသပ်ချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြအစီရင်ခံရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြသည့် အစီရင်ခံစာ မိတ္တူတစ်စောင်ကို မှတ်ပုံတင် အရာရှိထံသို့ ပေးပို့ရမည်။

ပုဒ်မ ၂၇၇ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ ပုဒ်မ ၂၇၁ သို့မဟုတ် ၂၇၂ အရ ပြုစု တင်ပြလာသော အစီရင်ခံစာတွင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် စပ်လျဉ်း သည့် ပြစ်မှုတစ်ရပ်ရပ်အတွက် အပြစ်ရှိကြောင်း ကျိုးကြောင်း ညီညွတ်မှုရှိသည်ဟု ပြည်ထောင်စုဝန်ကြီးက ယုံကြည်ယူဆလျှင် ဝန်ကြီးဌာနသည် ထိုကိစ္စရပ်အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေ အကြံဉာဏ်တောင်းခံရမည်။

ပုဒ်မ ၂၇၇ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ အဆိုပါကိစ္စရပ်အား တရားစွဲဆို ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စဖြစ်သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုပါက မှတ်ပုံတင်အရာရှိသည် တရားစွဲဆိုဆောင်ရွက်ခြင်းကို ပြုလုပ်ရမည်။ (တရားစွဲဆိုမှုတွင် စွပ်စွဲခံရသူမှ အပ) ယခင်ကဖြစ်စေ၊ ယခုလက်ရှိတွင်ဖြစ်စေ တာဝန်ထမ်းဆောင်နေကြသော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ကိုယ်စားလှယ်များ အားလုံးသည် တရားစွဲဆိုဆောင်ရွက်မှုနှင့် သက်ဆိုင်သော လိုအပ်သည့် အကူအညီများအားလုံးကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

### ၂။ တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ

မှတ်ပုံတင်အရာရှိက ကုမ္ပဏီအပေါ် တရားစွဲဆိုဆောင်ရွက်ခြင်း မိတ္တူတစ်စုံကို ဤအကြောင်းကြားစာနှင့် ပူးတွဲရမည်။